mgyoe.com

# တောစောင့်နတ်နှင့် သစ်ခုတ်သမားပုံပြင်များ

ကိုကြွယ်



mgyoe.com

mgyoe.com




SSS0020
900.00 KS

mgyoe.com

မိုးခွင်းကြယ်

အတွက်

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။
ဖုန်း- ၀၉၃၁၂၅၆၃၉၁

က

ဖြန့်ချိသည်။

ထုတ်ဝေသူ - ဦးကျော်ကျော်ထေး ရွက်စိမ်းစာပေ (၀၀၄၇)
လမ်းမတော်၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ (၀၀၄၁၂)
၁၁၇၉၊ မဟိုဆိုင်လမ်း ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ ပထမအကြိမ်၊
အုပ်ရေ ၅၀၀

ရောင်းဈေး ၉၀၀ ကျပ်

mgyoe.com

mgyoe.com

# တောစောင့်နတ်နှင့် သစ်ခုတ်သမားပုံပြင်များ

ကိုကြွယ်



mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | တာဝန်ကိုယ်စီ | ၁ |
| ၂။ | စကားနှစ်ခွန်း | ၆ |
| ၃။ | ဆင်ခြေ | ၁၀ |
| ၄။ | အတ္တ | ၁၆ |
| ၅။ | သီလ | ၂၀ |
| ၆။ | အတူတူ | ၂၃ |
| ၇။ | ဈေးရောင်းကောင်းသူ | ၂၆ |
| ၈။ | ကြွက်၊ မြွေနှင့် မင်းသား | ၃၁ |
| ၉။ | တောစောင့်နတ်နှင့် သစ်ခုတ်သမား | ၃၇ |
| ၁၀။ | ကျေးရူးကန်းသူ | ၄၂ |
| ၁၁။ | ကံကြမ္မာအပြောင်းအလဲ | ၄၇ |
| ၁၂။ | ကိုယ့်အတတ်ကိုယ်စူး | ၅၃ |
| ၁၃။ | ပါးစပ်တစ်ပေါက် | ၅၉ |
| ၁၄။ | သားသုံးယောက် | ၆၃ |
| ၁၅။ | အလုပ်တန်ဖိုး | ၆၇ |


mgyoe.com


mgyoe.com

၁၆။ နက်ကျား ၇၀
၁၇။ နွားဖြစ်လေသူ ၇၅
၁၈။ အောင်ပွဲ ၇၈
၁၉။ အဖြေမှန်သူ ၈၃
၂၀။ ဟင်းအိုးလေးရဲ့အဖြေ ၈၆
၂၁။ စကားတစ်ခွန်း ၈၉
၂၂။ အလွန်ရိုးတဲ့ မောင်ရွှေရိုး ၉၄
၂၃။ မျောက်ဖိုးရှုပ် ၉၉
၂၄။ ပညာရှိဆုံး အမတ်ကြီး ၁၀၃
၂၅။ ကျေးရူးအတုံ့အပြန် ၁၀၇
၂၆။ အကောင်းဆုံးဘဝ ၁၁၂
၂၇။ သူများမကောင်းကြံ ကိုယ်သာခံ ၁၁၈
၂၈။ အမြင်မှန် ၁၂၃
၂၉။ တရားဟောကောင်းလိုက်ပုံက ၁၂၇

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# တာဝန်ကိုယ်စီ

တစ်ခါတုန်းက စိမ်းလန်းစိုပြည်လှတဲ့ တောအုပ်တစ်ခု အလယ်မှာ ရေအိုင်ကြီးတစ်အိုင်ရှိသတဲ့ကွယ်။ အဲဒီရေအိုင်နားမှာ နေထိုင်နေတဲ့ ဖားတစ်ကောင်က အလွန်ပူအိုက်လွန်းရှာတာမို့ မိုးရွာဖို့ အချိန်တန်ပြီဆိုတာ သိလိုက်တာနဲ့တစ်ပြိုင်နက် "အုံအင် အုံအင်" ဆိုပြီး အော်လိုက်သတဲ့ကွယ်။

အဲဒီဖားအော်သံကို ကြားလိုက်ရတဲ့အခါမှာ လေနတ်သား တို့မိုးရွာချဖို့အတွက် သူ့ရဲ့အင်အားသုံးပြီး ရေငွေ့ပါတဲ့ တိမ်တိုက် တွေကို သယ်လာခဲ့သတဲ့ကွယ်။

အဲဒီတိမ်တိုက်တွေကို အောက်ကအစိုဓာတ်နဲ့တွေ့အောင် လုပ်ပြီး မိုးနတ်သားက မိုးရွာချလိုက်သတဲ့ကွယ်...

မိုးက သဲသဲမဲမဲရွာချလိုက်တဲ့အခါမှာ လူတွေ၊ တိရစ္ဆာန်တွေ၊ သစ်ပင်တွေအားလုံး အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ဖြစ်သွား တာပေါ့။

အပူဒဏ်ကို လှိမ့်ခံစားနေကြရတဲ့ လူတွေလည်း အားလုံး ကျန်းမာလန်းဆန်းသွားကြတာပေါ့။

mgyoe.com

mgyoe.com


တောထဲမှာရှိတဲ့ သမင်၊ ဒရယ် တိရစ္ဆာန်လေးတွေလည်း သူတို့သောက်သုံးနေတဲ့ ရေကန်မှာ ရေအပြည့်ရှိသွားတာမို့ တော်တော်လေး ဝမ်းသာနေတယ်။

သစ်ပင်တွေကလည်း စိမ်းစိုနေတာပေါ့။ အချို့အပင်တွေက အဖူးတွေ၊ အသီးတွေ ဝေဆာနေတယ်လေ။

အဲဒီအထဲမှာ ပိတောက်ပင်ကြီးတစ်ပင်က ပိတောက်ပန်းတွေပွင့်လိုက်တာမှ ရွှေရည်သွန်းလောင်းထားသလို ဝင်းဝါနေတာပဲ။

ညနေ ရေခပ်ဆင်းလာတဲ့ လုံမပျိုလေးတစ်ဦးက–

"ဟယ် ပိတောက်ပန်းတွေ လှလိုက်တာ၊ ရူးသွားဦးမှပဲ။ မိုးရွာချလိုက်လို့ အခုလို ပိတောက်ပန်းလှလှလေးတွေ ပန်ရတာ၊ မိုးနတ်မင်းကြီးကို ကျေးဇူးတင်လိုက်တာ"

အဲဒီစကားကို ကြားလိုက်ရတဲ့ ပိတောက်ပင်ကြီးက–

"သူပွင့်ပေးလို့ ပိတောက်ပန်း ပန်ရတာကို သူ့ကျေးဇူးမတင်လို့ မကျေနပ်ရှာဘူး"

ဖားကလေးကလည်း–

"ငါအော်လို့မိုးရွာတာ၊ ငါ့ကိုတော့ ကျေးဇူးမတင်ကြဘူး။ နောက်ဘယ်တော့မှ အော်မပေးတော့ဘူး" ဆိုပြီးတော့ မကျေနပ်ကြဘူး။

ဖားအော်သံမကြားရတော့ လေနတ်သားကလည်း သူတို့တောအုပ်ထဲကို မလာတော့ဘူး။ အခြားတောအုပ်ထဲတွေက ဖားအော်သံကြားရတဲ့နေရာတွေကိုပဲ သွားပြီးနေတယ်။ မိုးရွာအောင်လည်း လုပ်ပေးတယ်။ ဒါ့ကြောင့် မိုးနတ်သားကလည်း အခြားတောအုပ်တွေကိုပဲ မိုးရွာအောင် လုပ်ပေးတယ်။ ဖားလေးနေထိုင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## စကားနှစ်ခွန်း

တစ်ခါတုန်းက စိမ်းလန်းစိုပြည်လှတဲ့ တောအုပ်တစ်ခုအတွင်းမှာ ဝက်သားအမိ နှစ်ကောင်နေထိုင်ကြသတဲ့ကွယ်။

တောအုပ်ထဲမှာ ဝက်မကြီးက အစာရှာထွက်သည့်အခါတိုင်း ဝက်ကလေးက နောက်ကနေအမြဲလိုက်လေ့ရှိတယ်။

နေ့တိုင်း ဝက်ကလေးက ဝက်မကြီးနောက်ကို လိုက်လာတာ ရက်တွေ၊ လတွေ ရှည်ကြာလာတော့ မလိုက်ချင်တော့ဘူး။ လိုက်ရမှာ ပျင်းလာတယ်။

"မေမေ"

"ဘာလဲ သား"

"တောထဲ သွားပြီး အစာရှာထွက်ရတာ ပျင်းစရာကောင်းပါတယ်၊ ဒီနေ့က ရွာတွေသွားပြီး အစာရှာထွက်ရအောင်"

"အမေက အသက်ကြီးလှပါပြီကွယ်။ ရွာထဲသွားပြီးတော့ အစာရှာ မထွက်ချင်တော့ဘူး၊ သား သွားချင်ရင်တော့ သွားလေ"

"ဟုတ်ကဲ့ မေမေ"

"ဂရုစိုက်သွားနော်၊ ဘေးအန္တရာယ်တွေလည်း တွေ့ဦးမယ်"

mgyoe.com

mgyoe.com


"စိတ်ချပါ မေမေ"– ဝက်ကလေးက ပြောပြောဆိုဆိုထွက်လာခဲ့ပါတယ်။

ရွာထဲကိုရောက်လာတဲ့အခါမှာ တချို့အိမ်တွေမှာ ကျွဲတွေ၊ နွားတွေ မွေးထားကြတယ်။ တချို့တွေက ကြက်တွေ မွေးထားကြတယ်။ ရေကန်ထဲမှာတော့ ဘဲ အချို့ရေကူးနေကြတာကို တွေ့ရတယ်။

တချို့အိမ်တွေမှာ သူ့လိုဝက်ကလေးတွေကို ဝက်စားကျင်းနဲ့အစာတွေကို ကျွေးမွေးနေကြတာကို တွေ့ရတယ်။

ဝက်ကလေးက ဝက်ဖြစ်ပေမယ့် အခုလို ဝက်စားကျင်းနဲ့ ကျွေးတာတွေ့ရတော့ ဝင်စားချင်စိတ်ပေါ်တယ်။ ဒါပေမဲ့ ဝင်မစားဖြစ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အချင်းချင်းတောင် အလုအယက်စားနေကြရတာ၊ သူဝင်စားရင် ပိုဆိုးကုန်မှာပေါ့။ အားလုံးရန်ဖြစ်ကုန်လိမ့်မယ်။ တောထဲမှာ သားအမိနှစ်ယောက် လွတ်လွတ်လပ်လပ်ရှာဖွေစားရတာ ကောင်းပါတယ်။

နောက်အိမ်တစ်အိမ်ရောက်တော့ လူတစ်ယောက်အိပ်ပျော်နေတာကို တွေ့ရတယ်၊ နောက်အပြင်ကရောက်လာတဲ့ လူတစ်ယောက်က–

"ဟေ့ကောင် ဝက်မှိန်းမှိန်းမနေနဲ့ထတော့" ပြောသံကြားရသောအခါမှာ ဝက်ကလေးက တော်တော်လေး စိတ်ဆိုးသွားတယ်။

တောထဲပြန်ရောက်တော့ အမေကိုမြင်တာနဲ့တစ်ပြိုင်နက်–

"အမေ၊ လူတွေက သူတို့ဘာသာအပျင်းထူတာကို ပျင်းတယ် မပြောဘူး။ အိပ်နေတာကို ဝက်မှိန်းမှိန်းနေတယ်တဲ့" လို့ ဝက်ကလေးက ပြောလိုက်တယ်။

mgyoe.com


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဆင်ခြေ

တစ်ခါတုန်းက တောအုပ်တစ်ခုအတွင်းမှာ ဖိုးဖြူဆိုတဲ့ ဆင်တစ်ကောင်ရှိသတဲ့ကွယ်။ ဖိုးဖြူဟာ ဝဝတုတ်တုတ်ကလေးမို့ သိပ်ချစ်စရာကောင်းတာပေါ့၊ စိတ်သဘောလည်း ကောင်းတယ်။

တောအုပ်ထဲမှာရှိနေတဲ့ တိရစ္ဆာန်တွေရဲ့အကျိုးကို အမြဲဦး ဆောင်လုပ်ကိုင်ပေးလေ့ရှိတယ်။

ဒါကြောင့် တိရစ္ဆာန်တွေ အားလုံးက သူ့ကိုသိပ်ပြီးတော့ ချစ်ခင်လေးစားကြတယ်။

သူ့အမျိုးဖြစ်သော ဆင်တွေတင်မကဘူး၊ အခြားတောရိုင်း တိရစ္ဆာန်ကလေးတွေကပါ ဖိုးဖြူကို ချစ်ကြတယ်။

ဖိုးဖြူအမေ ဆင်မကြီး ညိုမကတော့ ဖိုးဖြူကို တောတွင်း တိရစ္ဆာန်တွေအားလုံးက ချစ်ခင်လေးစားကြတာကို ဂုဏ်ယူလို့

mgyoe.com

mgyoe.com


မဆုံးပါဘူး။ ဒါပေမဲ့ ဖိုးဖြူက ပြဿနာ တစ်ခုခုဖြစ်ပြီဆိုရင် ဒေါသဖြစ်လွန်းလို့ အမြဲစိတ်ပူနေရတယ်။

မနှစ်တုန်းက မုဆိုးကျော်ကြီး တောထဲကိုရောက်လာပြီး ရေကန်ထဲကို ရေသောက်ဆင်းလာတဲ့ သမင်မလေး မိညိုကို မြားမှန်ပြီး သေသွားလို့ ဖိုးဖြူက တော်တော်လေးဒေါသထွက်သွားတယ်။ မုဆိုးကျော်ကြီး အပြေးမြန်လို့ပေါ့။ နို့မို့ဆိုရင် ဖိုးဖြူနှာမောင်းနဲ့တစ်ချက် မွှေ့ယမ်းရုံနဲ့သေမှာ။

မိညိုက သူ့သားကို မုဆိုးကျော်ကြီးက တစ်နေ့နေ့မှာလာပြီး လက်စားချေမှာကို တွေးပြီးစိုးရိမ်နေတာပေါ့။

ဖိုးဖြူကတော့ မုဆိုးကျော်ကြီးထွက်ပြေးလွတ်မြောက်သွားတာကို တွေ့ပြီးမခံမရပ်နိုင်ဖြစ်နေတယ်။ အရမ်းဒေါသဖြစ်နေတယ်လေ။

ဖိုးဖြူကတော့ မုဆိုးကျော်ကြီးကို လက်လွတ်မခံနိုင်ဖြစ်နေတယ်။ သူ့သူငယ်ချင်း မိညိုသေရတာကို လက်စားချေချင်တဲ့စိတ်တွေကလည်း တဖွားဖွားပေါ်လာတယ်။

ဒါကြောင့် ဖိုးဖြူက မုဆိုးကျော်ကြီးနေတဲ့ ရွာကိုလိုက်သွားတယ်။ ရွာမှာ မုဆိုးကျော်ကြီး မရှိဘူး ဖြစ်နေတယ်။ စုံစမ်းလိုက်တော့ မုဆိုးကျော်ကြီးက ဘုရင်ကြီးရဲ့ရွှေနန်းတော်မှာရောက်နေတယ်ဆိုတာ သတင်းရထားတယ်။

ဆက်စုံစမ်းလိုက်တဲ့အခါမှာ ဘုရင်ကြီးက တောထဲသွားပြီး သူဖမ်းခိုင်းလိုက်တဲ့ သားကောင်တစ်ကောင်မှမရခဲ့တဲ့ မုဆိုးကျော်ကြီးကို ထောင်သွင်းအကျဉ်းချထားတယ်။

မုဆိုးကျော်ကြီးက သူကြိုးစားပြီး သမင်တစ်ကောင်မိပေ

mgyoe.com

mgyoe.com

မယ့် ဆင်ရိုင်းတစ်ကောင်တွေလို့ မသယ်နိုင်တော့ဘဲ အသက်လုပြီး ထွက်ပြေးလာခဲ့ရတဲ့အကြောင်း ရှင်းပြရှာတယ်။

ဘုရင်ကြီးက လက်သင့်မခံတဲ့အပြင် ဆင်ခြေဆင်လက် အမျိုးမျိုးပေးတယ်ဆိုပြီးတော့ စိတ်ဆိုးသွားတယ်။ မုဆိုးကြီးကို ထောင်သွင်းအကျဉ်းချထားလိုက်တဲ့အတွက် ဆင်ကလေး ဖိုးဖြူဟာ မုဆိုးကြီးကို လက်စားချေဖို့ အခွင့်မသာခဲ့ဘူးပေါ့ကွယ်။

နောက်ပြီး မုဆိုးကြီးက ဖိုးဖြူကိုမနိုင်လို့ အရှုံးပေးပြီး ထွက်ပြေးလာရတယ်လို့မပြောဘဲ ဆင်ခြေဆင်လက်တွေ ပေးပြီးပြောနေတယ်။

လူတွေဟာ သူတို့မနိုင်ရင် အရည်အချင်းညံ့တယ်မပြောဘဲ ဆင်ခြေဆင်လက်ပေးတယ်ဆိုပြီး ဆင်တွေအပေါ်မကောင်းတာတွေကို ပုံချတယ်ဆိုပြီးတော့ အားလုံးကို မကျေနပ်ဘူးပေါ့ကွယ်။

တောထဲပြန်ရောက်တဲ့အခါမှာ ဆင်ကလေး ဖိုးဖြူက "လူတွေက သူတို့မလုပ်နိုင်ရင် မလုပ်နိုင်ဘူးလို့ မပြောဘဲ ဆင်ခြေအမျိုးမျိုးပေးတတ်ကြတယ် မေမေရယ်။ သူတို့မကောင်းတာကို ကျွန်တော်တို့ဆင်တွေကိုပါ မပါပါအောင်ပြောကြတယ်၊ ကျွန်တော်ကတော့ မခံနိုင်ဘူး"

"ဘာမှမခံနိုင်ဖြစ်မနေပါနဲ့ကွာ၊ တစ်နေ့နေ့တော့ အဖြေမှန်ပေါ်လာမှာပါ" သူ့အမေ ဆင်မကြီးညိုမက ပြောလိုက်တာကြောင့် ဖိုးဖြူ ဘာမှမပြောတော့ဘဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားရှာတယ်။

"ဟေ့ကောင်၊ ထစမ်း"

ရုတ်တရက် နှိုးလိုက်တာကြောင့် ဖိုးဖြူ လန့်သွားတယ်။

mgyoe.com

mgyoe.com

သူ့ရဲ့နားမှာ အရပ်ရှည်ရှည်၊ ဝဝတုတ်တုတ်လူထွားကြီး တစ်ယောက်မတ်တတ်ရပ်နေတာကို တွေ့ရတယ်။

"ခင်ဗျားက ဘယ်သူလဲ"

"ငါက ငရဲမင်းကွ"

"ကျွန်တော်က ဘာအပြစ်ရှိလို့လာတာတုံးဗျာ။ ကျွန်တော့်ကို မခေါ်ပါနဲ့၊ ကျွန်တော် ကြောက်လွန်းလို့ပါ"

"မင်းကို အပြစ်ပေးမလို့ခေါ်တာ မဟုတ်ပါဘူးကွာ၊ ငရဲပြည်ကို အလည်လိုက်ခဲ့ဖို့လာခေါ်တာပါ။ မင်းသိချင်တာ အားလုံးသိတဲ့ လူတွေ ဆင်ခြေပေးလို့မရဘူးဆိုတာ သိစေရမယ်"

"တကယ်လား"

"အေး၊ တကယ်ပေါ့"

ဖိုးဖြူလည်း ငရဲမင်းကြီးခေါ်ရာနောက်ကို လိုက်သွားတယ်လေ။

ငရဲပြည်သို့ရောက်တော့ ဒယ်အိုးကြီးထဲမှာ ဆီအပြည့်နဲ့ အပူပေးခံနေရသော လူတစ်ယောက်ကို တွေ့ရတယ်၊ ဖိုးဖြူက–

"ခင်ဗျားက ဘာဖြစ်လို့ငရဲအိုးထဲရောက်နေရတာလဲ"

"လူတွေ သတ်ခဲ့လို့"

"ဒေါသဖြစ်လွန်းလို့ဆိုပြီး ဆင်ခြေပေးလိုက်ပေါ့"

"ငရဲပြည်မှာက ဆင်ခြေပေးလို့ မရဘူး၊ အပြစ်ရှိရင်ခံရတာပဲ"

"ဟုတ်လား"

ဖိုးဖြူ အံ့ဩသွားတယ်လေ၊ နောက်ဒယ်အိုးထဲမှာအကြော်ခံနေရတဲ့ သူတစ်ယောက်ကိုတွေ့တော့–

mgyoe.com

mgyoe.com


"ခင်ဗျားကကော…"

"ကျုပ်က သူများပစ္စည်းကိုခိုးခဲ့လို့ပါ"

"မရှိလို့ခိုးတာပဲဆိုပြီး ဆင်ခြေပေးလိုက်ပေါ့"

"မရှိလို့ပဲ ခိုးခိုး၊ ရှိလို့ပဲ ခိုးခိုး။ အပြစ်ရှိရင်ခံရတာပဲ၊ ဆင်ခြေပေးလို့မရဘူး"

နောက်ဆက်ပြီး သွားသောအခါ ဒယ်အိုးတစ်ခုထဲတွင် ဆီကြော်ခံနေရသူတစ်ယောက်ကိုတွေ့တဲ့အခါ–

"မင်းကကော…"

"လူကြီးတွေကို လိမ်ညာပြောမိလို့"

"လူကြီးတွေကို နောင်မညာတော့ပါဘူးဆိုပြီးတော့ ဖြေလိုက်ပေါ့"

"ဆင်ခြေပေးလို့ မရဘူး ဒီနေရာက လူ့ပြည်မဟုတ်ဘူး၊ ငရဲပြည်လေ" လို့ ပြောလိုက်သတဲ့။ နောက်တစ်နေရာကိုရောက်တော့–

"ခင်ဗျားကကော…"

"အရက်သမားမို့လိုလေ"

"နေမကောင်းလို့ ဆေးဖြစ်ဝါးဖြစ်သောက်တာလို့ ဆင်ခြေပေးလိုက်ပေါ့"

"လူပြည်ကသာ ဆင်ခြေပေးလို့ရတာ၊ ငရဲပြည်က ဆင်ခြေပေးလို့မရဘူး။ အပြစ်ရှိရင် ခံရတာပဲ"

နောက်ဆို လူ့ပြည်မှာ အပြစ်ရှိရင် ဆင်ခြေပေးပြီး ရှောင်လို့ ရချင်ရမယ်၊ ငရဲပြည်ရောက်ရင် ဆင်ခြေပေးလို့မရဘူးဆိုတာ သိသွားပြီး နောင်ဆို အပြစ်မရှိအောင် နေထိုင်တော့မယ်လို့

mgyoe.com

ဆုံးဖြတ်ရင်း ငရဲပြည်က ပြန်လာခဲ့သတဲ့ကွယ်။

တောထဲကို ပြန်ရောက်တော့ သူ့အမေက–

"ငါ့သားလေး ဘယ်ပျောက်နေတာလဲလို့ ရှာလိုက်ရတာ...။ မေမေဖြင့် စိတ်ပူနေတာပဲ"

"စိတ်မပူပါနဲ့ မေမေရယ်၊ ငရဲမင်းကြီးက ခေါ်သွားလို့ ငရဲပြည်ကို အလည်ရောက်သွားတာပါ။ ငရဲပြည်ဆိုတာ အပြစ်ရှိရင် ရှိသလောက်ခံရတာပဲ၊ ဆင်ခြေပေးလို့ မရဘူးဆိုတာ သိသွားပါပြီ။ သူများတွေ အမှားကျူးလွန်တာတွေ့ရင်လည်း ဒေါသဖြစ်ပြီး သား ဘာမျှကျူးကျူးလွန်လွန် မလုပ်တော့ပါဘူးလို့ မေမေကို ကတိပေးပါတယ်"

"ခုလို အမြင်မှန်ရပြီး လိမ္မာတာကို ဝမ်းသာလိုက်တာ သားလေးရယ်..." လို့ဆင်မ မိညိုက ပြောလိုက်သတဲ့ကွယ်...။

□

mgyoe.com

mgyoe.com



mgyoe.com

## အတ္တ

တစ်ခါတုန်းက ရွာတစ်ရွာမှာ တရားဟောအလွန်ကောင်းတဲ့ ဦးသုမနဘွဲ့အမည်ရှိ ဆရာတော်တစ်ပါးရှိသတဲ့ကွယ်။

ဆရာတော် တရားဟောကောင်းလွန်းလို့ ဆရာတော်ရဲ့တရားပွဲတွေမှာ ကလေးသူငယ်၊ လူကြီးအားလုံးက တရားနာလာကြတယ်။

တရားဟောရင်လည်း ဆရာတော်ရဲ့အသံ ကြည်လင်ပြတ်သားပြီး တရားနာသူပရိသတ်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားစေတယ်။

အဲဒီတရားနာပရိသတ်တွေထဲမှာ ဒေါ်အေးကြည် တစ်ယောက်လည်း အပါအဝင်ပေါ့။

ဆရာတော် တရားဟောမကြွရင် ဒေါ်အေးကြည်က ဆွမ်းချိုင့်တစ်လုံးနဲ့ ဆရာတော်ကျောင်းကို လာတော့တာပါပဲ။

ဆရာတော်ကို ဆွမ်းကပ်ပြီး ဆရာတော်တရားကို နာတော့တာပါပဲ။

အိမ်ပြန်ရောက်ရင်လည်း ဆရာတော် တရားဟောတဲ့ထဲမှာ

mgyoe.com

mgyoe.com


ပါတဲ့အတိုင်း ဒေါ်အေးကြည်က အမြဲလိုက်နာကျင့်ကြံ ကြိုးကုတ်တယ်လေ။

ဆရာတော်ဟောတဲ့အတိုင်း ပုတီးစိပ်၊ တရားထိုင်တယ်။ ပြီးရင် သူမ လုပ်ခဲ့သမျှကို ဆရာတော်ကို ပြန်လျှောက်တယ်။

ဆရာတော်ကလည်း ဒေါ်အေးကြည် လိုအပ်တာလေးတွေကို ပြုပြင်ပေးလေ့ရှိတယ်။

တစ်နေ့မှာတော့ ဆရာတော်က

"ဒကာမကြီး တရားထိုင်တာ တစ်ခုကျန်နေသေးတယ်" လို့ပြောလိုက်တယ်။ ဒေါ်အေးကြည်က "တပည့်တော်မ ဆရာတော်ခိုင်းတဲ့အတိုင်း တရားထိုင်တာပါပဲ"

"အင်း၊ အဲဒါကတော့ ဒကာမကြီးမှာ အတ္တကျန်နေသေးတယ်။ တရားသမားဆိုတာ အတ္တကျန်တာမကောင်းဘူး၊ ဘယ်တော့မှ တရားမရနိုင်ဘူး ဒကာမကြီး"

"အဲဒါဆို တပည့်တော်မ ဘယ်လိုလုပ်မလဲ"

"အတ္တကို နှင်ထုတ်လိုက်တာ အကောင်းဆုံးပေါ့၊ ဒါမှ ဒကာမကြီးတရားရမှာ..."

"စိတ်ချဘုရား၊ တပည့်တော်မ အတ္တကို နှင်ထုတ်လိုက်မယ်"

ပြောပြောဆိုဆိုပဲ ဒေါ်အေးကြည်က အိမ်ကိုပြန်သွားရှာတယ်။

တစ်နာရီလောက်ကြာတော့ ဆရာတော်ဆီကို လူငယ်တစ်ယောက် ရောက်လာတယ်။ "ဆရာတော်ဘုရား၊ တပည့်တော်မှာ ဘာအပြစ်ရှိလို့လဲ"

"ဟော ဘုန်းကြီးလည်း မင်းအကြောင်း ဘာမှမသိရပါလား"

mgyoe.com

"တပည့်တော်အမေက ဘုန်းကြီးကျောင်းက ပြန်လာပြီး အိမ်ရောက်ရောက်ချင်း တပည့်တော်ကို အိမ်က နှင်ထုတ်လိုက်တယ်ဘုရား"

"ဘုန်းကြီး မင်းကိုအိမ်က နှင်မထုတ်ခိုင်းပါဘူး ဒကာမကြီးရဲ့အတ္တကို နှင်ထုတ်ခိုင်းတာပါ"

"တပည့်တော်နာမည်က မောင်အတ္တပါဘုရား"

"ဟေ"

❐

mgyoe.com

mgyoe.com

# သီလ

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဖွားမေနှင့် မယ်ထွေးဆိုတဲ့ မြေးအဘွားနှစ်ယောက် နေထိုင်ကြသတဲ့ကွယ်။

ဖွားမေဟာ အသက်အရွယ်ကြီးလာတာနှင့်အမျှ ဘာသာတရားကို အလွန်ယုံကြည်ကိုးကွယ်သူတစ်ဦးလည်း ဖြစ်ရှာယ်။ သူမရဲ့ မြေးလေးမယ်ထွေးကိုလည်း လူကြီးတွေကို ရိုသေလေးစားဖို့၊ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကိုလည်း ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ဖို့ အမြဲသွန်သင်ဆုံးမလေ့ရှိတယ်။

မယ်ထွေးကလည်း အလွန်လိမ္မာရေးခြားရှိသူတစ်ယောက် ဖြစ်တယ်။

ဖွားမေရဲ့စကားကို မြေဝယ်မကျ အမြဲလိုက်နာဆောင်ရွက်လုပ်ကိုင်လေ့ရှိတယ်။

အိမ်မှုကိစ္စအလုပ်တွေကို ဖွားမေ ဘာမျှပြောပြီးခိုင်းစရာမလိုအောင် အမြဲလုပ်ပေးလေ့ရှိတယ်။

ဖွားမေကလည်း မယ်ထွေးကို လိမ္မာရေးခြားရှိလွန်းလို့တစ်

mgyoe.com

mgyoe.com

နေ့တခြား အချစ်တွေပိုနေရတာပေါ့ကွယ်။

ဒါပေမဲ့ ဖွားမေ စိတ်မချနိုင်တာရှိသေးတယ်။ အဲဒါက တော့ မယ်ထွေးလေးဟာ ဖွားမေခိုင်းရင် တစ်သဝေမတိမ်းလုပ် တတ်ကိုင်တတ်တာ၊ တစ်ခါတစ်ရံမှာ မယ်ထွေးက ရိုးလွန်းအ လွန်းတော့ အမှားလေးတွေ ဖြစ်တတ်တယ်။

ဒါကိုပဲ ဖွားမေက မယ်ထွေးအတွက် အစိုးရိမ်လွန်နေတာ ပေါ့။

ဥပုသ်နေ့ဆိုရင် ဖွားမေတို့မြေးအဘွားနှစ်ယောက်ဟာ ဘုန်းကြီးကျောင်းသွားပြီး ရှစ်ပါးသီလခံယူပြီး ဥပုသ်သီတင်း တည်ဆောက်လေ့ရှိတယ်။

တစ်နေ့မှာတော့ ဖွားမေ နေမကောင်းလို့မလိုက်နိုင်ဘူး။

"ဒီနေ့တော့ အဘွားနေမကောင်းလို့ ဘုန်းကြီးကျောင်းကို မသွားနိုင်တော့ဘူး၊ ဥပုသ် မစောင့်တော့ဘူး။ မြေးလေးကော..."

"သမီးက ဆွမ်းရော ဆွမ်းဟင်းရော ချက်ပြီးပြီဆိုတော့ ဘုန်းကြီးကျောင်းကို လှူဖြစ်အောင် ဆွမ်းချိုင့်သွားပို့ဦးမယ်"

"ဒါဖြင့် သီလယူခဲ့နော်"

"ဟုတ်ကဲ့၊ စိတ်ချ အဘွား၊ သမီး သွားတော့မယ်နော်"ဆို ပြီး မယ်ထွေးက ဆွမ်းချိုင့်တစ်လုံးကိုဆွဲပြီး အိမ်က ထွက်သွား တယ်။

ညနေစောင်းခါနီးထိအောင် ဖွားမေက မယ်ထွေး ပြန်အလာ ကို တမျှော်မျှော်စောင့်နေတာပေါ့။

ညနေမိုးချုပ်တော့မှ လူကြုံတစ်ယောက်နှင့်အတူ စာတစ် စောင်ပေးလိုက်တယ်။

mgyoe.com

mgyoe.com


ဖွားမေက စာကို ဖောက်ဖတ်လိုက်တော့...

ဖွားမေ

အဘွားက သီလယူဆိုလို့ ဘုန်းကြီးကျောင်းသား ကိုသီလ နောက်ကိုသမီးလိုက်သွားပြီ။ အဘွား ဘာမှစိတ်မပူပါနှင့်။

သမီး

မယ်ထွေး

စာဖတ်ပြီးတော့ ဖွားမေတစ်ယောက် "ကဲ–ကောင်းကြ သေးရဲ့လား"

ဟု တစ်ခွန်းပြောပြီး ပါးစပ်အဟောင်းသားကျန်ခဲ့တယ်။

❒

mgyoe.com

mgyoe.com

# အတူတူ

တစ်ခါတုန်းက ရွာတစ်ရွာမှာ သူကြီးဦးအေးနှင့် သူကြီးကတော် ဒေါ်ထွားဆိုတဲ့ လင်မယားနှစ်ယောက်ရှိသတဲ့ကွယ်။

ဦးအေးဟာ နာမည်နှင့်လိုက်အောင် အလွန်အေးဆေးတည်ငြိမ်ပြီး ရိုးသားဖြောင့်မတ်သူ တစ်ယောက်ဖြစ်တယ်။ ရွာထဲမှာ ပြဿနာဖြစ်လာပြီဆိုရင်လည်း ရိုးရိုးသားသားသမမျှတမှန်ကန်စွာ ဖြေရှင်းပေးသတဲ့ကွယ်။

ဒါကြောင့် ရွာသူ၊ ရွာသားအားလုံးက ဦးအေးကို တစ်ရွာလုံးရဲ့သူကြီးအဖြစ် တင်မြှောက်ထားတာပေါ့ကွယ်။

ဒါပေမဲ့ ဦးအေးက သူကြီးမလုပ်ချင်ဘူးတဲ့ကွယ်။ ဘုရင်ကိုကြောက်လို့သာ ဘုရင့်အခွန်ဘဏ္ဍာတွေ ပြည့်အောင်ရှာပေးရတာတွေ၊ ဘုရင်ခိုင်းသမျှအလုပ်တွေကို သူကြီးဆိုတဲ့အရှိန်ကိုသုံးပြီး ရွာသူ၊ ရွာသားတွေအပေါ်မှာထပ်ပြီး ဝန်ပိမှာစိုးလို့ မခိုင်းရက်ဘူးတဲ့ကွယ်။ အလွန်အားနာတတ်၊ သနားတတ်တဲ့သူတစ်ယောက်ဖြစ်တယ်။

ဘုရင်ထံ ဆက်သရတဲ့အခွန်ဘဏ္ဍာငွေကိုလည်း တတ်နိုင်

mgyoe.com

mgyoe.com



သမျှ လျှော့ကောက်တယ်။

ဒါကြောင့် ရွာသူ၊ ရွာသားတွေအားလုံးက သူကြီးဦးအေးကို ချစ်ခင်ရိုသေလေးစားကြတာပေါ့ကွယ်။

ဒါပေမဲ့ သူကြီးကတော် ဒေါ်ထွားကတော့ ဦးအေးရဲ့ဇနီးဆိုပေမယ့် အသွင်မတူရှာဘူး၊ အားလုံးဆန့်ကျင်ဘက် ဖြစ်တယ်။

ဦးအေးက ပိန်ပေမယ့် ဒေါ်ထွားက နာမည်နဲ့လိုက်အောင်ထွားတယ်၊ ဦးအေးက အေးပေမယ့် ဒေါ်ထွားကတော့ တကယ့်လူလည်မိန်းမကြီးတစ်ယောက်ဖြစ်တယ်။

ဦးအေးက သူကြီးပေမယ့် ခပ်ကုပ်ကုပ်ကလေးနေပေမဲ့ဒေါ်ထွားက အလွန်မောက်မာထောင်လွှားတယ်၊ သူ့ကိုယ်သူသူကြီးကတော်ဆိုပြီးတော့ မာနထောင်လွှားတယ်။

ရွာသူရွာသားတွေ မြင်ရင်ခိုင်းတယ်၊ သူကြီးကတော်ဆိုပြီးတော့ လာဘ်လာဘကိုလည်း မျှော်ကိုးတယ်၊ သိပ်လိုချင်တယ်။

နောက်ဆုံး ရွာသူရွာသားတွေ မပြောနဲ့။ သူကြီးကိုတောင်နိုင်ချင်တယ်၊ ဩဇာပေးတယ်။ သူကြီးကလည်း သူကြီးကတော်ကို ကြောက်ရတယ်၊ သူ့အလုပ်ထဲ ဝင်စွက်လည်း ဘာမှပြန်မပြောဘူး။

နောက်တော့ သူကြီးမှာ ဘုရင်ကိုလည်း ကြောက်ရ၊ သူကြီးကတော်ကိုလည်း ကြောက်ရဖြစ်နေတာပေါ့။

ဒါပေမဲ့ သူကြီးက သူ့ကိုကြောက်တဲ့ ရွာသူရွာသားတွေတော့ ရှိသေးရှာသားပဲဆိုပြီး ကျေနပ်နေရှာတယ်။ သူတို့က သူတို့မိန်းမကို ကြောက်ရဟန်မတူဟု ဆင်နေတယ်။ တစ်နေ့တော့ဘုရင့်ရွှေနန်းတော်က ပြန်အလာမှာ ကိစ္စတစ်ခုရှိလို့ မောင်းတီး

mgyoe.com

mgyoe.com


ပြီးတော့ ရွာသူရွာသားတွေကို ခေါ်လိုက်တယ်။

ရွာသားတွေချက်ချင်း ရောက်လာကြတယ်။ သူကြီးက သူ့ကို ကြောက်လို့ ရွာသားတွေ ချက်ချင်းရောက်လာတယ်လို့ ထင်နေတယ်၊ ပိုပြီးသေချာအောင် မေးလိုက်တယ်။

"ရွာသားတွေ ကျုပ်မောင်းတီးလိုက်တာနဲ့ချက်ချင်းရောက်လာသားပဲ"

"ဟုတ်ပါတယ်။ ကျုပ်တို့မိန်းမက သူကြီးမောင်းထုသံကြားတယ်၊ ချက်ချင်းသွားဆိုလို့ပါ"

"ဟုတ်ပါတယ်၊ ချက်ချင်းမသွားရင် အဆူအဆဲခံရပါလိမ့်မယ်၊ ကျုပ်မိန်းမက ကျုပ်ကို နိုင်တယ်"


"ဟုတ်တယ်၊ မိန်းမ အအော်အငေါက်ခံရမှာစိုးလို့ပါ" ဟု ရွာသားအားလုံးက တစ်ယောက်တစ်မျိုးစီ ပြောလိုက်ကြတယ်။ သူကြီးက

"ငါနဲ့အတူတူပါလား"

❒

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဈေးရောင်းကောင်းသူ

တစ်ခါတုန်းက ကိုသာဝနှင့် မယ်သုန် အမည်ရှိတဲ့ လင်မယားနှစ်ယောက်ရှိသတဲ့ကွယ်။

ကိုသာဝက အလွန်ရိုးလွန်း၊ အလွန်းတဲ့သူတစ်ယောက်ဖြစ်တယ်။

ဒါကြောင့် ခရီးထွက်သွားတိုင်း မယ်သုန်က ကိုသာဝကို ဘာလုပ်လုပ် စိတ်မချနိုင်အောင် ဖြစ်နေတယ်။

"ကိုသာဝ မနက်ဖြန် နွားဝယ်လာတဲ့ ကိုမှတ်ကြီးတို့လာမှာနော်၊ တော်... တစ်ယောက်တည်းဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ။ နွားရောင်းတာများ ဘာခက်တာမှတ်လို့၊ စိတ်ချစမ်းပါ"

ကိုသာဝ အပြောကောင်းလို့ မယ်သုန်လည်း စိတ်ချလက်ချ ခရီးထွက်သွားတယ်လေ။

နောက်မကြာခင်မှာ ကိုမှတ်ကြီးတို့ရောက်လာတယ်။

"ကိုသာဝ၊ ခင်ဗျား နွားရောင်းမလို့ဆို"

"အေး၊ ဟုတ်တယ်"

mgyoe.com

mgyoe.com



"အစိတ်ဈေးရရင် ရောင်းမယ်"

မယ်သုန်ပြောထားတဲ့ ဈေးအတိုင်း ကိုသာ၀က ပြောလိုက်တယ်။

ကိုမှတ်ကြီးက နွားတင်းကုပ်ထဲမှာရှိနေတဲ့ နွားမကြီးကို သွားကြည့်တယ်။ နွားမကြီးရဲ့ ညာဘက်မျက်လုံးမကောင်းဘူးဆိုတာ သိလိုက်တယ်။

"ကိုသာ၀၊ ခင်ဗျားနွားမက ညာဘက်မျက်လုံးတစ်ဖက်မကောင်းဘူး"

"ဟုတ်တယ်"

"ဒါဆိုရင် ငါးကျပ်တော့ လျှော့ဗျာ"

"ကိုင်း လျှော့ပါမယ်၊ နှစ်ဆယ်နဲ့ ယူပေါ့"

ကိုမှတ်ကြီးက နွားမကြီးရဲ့ပါးစပ်ကို ကြည့်လိုက်တယ်၊ နွားမကြီးမှာ သွားတစ်ချောင်းမှမရှိတာကို တွေ့လိုက်ရတယ်။

"ကိုသာ၀"

"ဘာလဲ ကိုမှတ်ကြီး"

"ခင်ဗျား နွားမကြီးမှာ သွားတွေလည်းမရှိဘူး"

"ဟုတ်တယ်လေဗျာ၊ အဲဒါဘာဖြစ်လဲ"

"ငါးကျပ်တော့ ထပ်လျှော့ဦးဗျာ"

"ကဲ ထပ်လျှော့လိုက်မယ်၊ တစ်ဆယ့်ငါးကျပ်နဲ့ယူသွား"

ကိုမှတ်ကြီးက နွားမကြီး နဖားကြိုးကို ဆွဲပြီးလမ်းလျှောက်ခိုင်းကြည့်တယ်၊ လမ်းလျှောက်လိုက်တဲ့အခါမှာ နွားမကြီးက ခြေတစ်ဖက်ခွင်နေတယ်။

"ကိုသာ၀၊ ခင်ဗျားနွားမက ခြေတစ်ဖက်ခွင်နေတယ်"

mgyoe.com

mgyoe.com


"ဟုတ်တယ်လေ"

"ဒါကြောင့် ငါးကျပ်ထပ်လျှော့ဦး၊ တစ်ဆယ်ပဲထားပေါ့"

"ကဲပါဗျာ၊ ပြောရမယ့်လူတွေမှ မဟုတ်တာ၊ ယူသွားပါ"

ကိုမှတ်ကြီးက နွားမကြီးရဲ့ဦးခေါင်းကို သေသေချာချာ ကြည့်လိုက်တယ်၊ နွားမကြီးမှာ နားရွက်တစ်ဖက်မပါတာကို တွေ့ လိုက်ရတယ်။

"ခင်ဗျား နွားမက နားရွက်တစ်ဖက်မပါဘူးဆိုတော့ နောက် ထပ် ငါးကျပ်ထပ်လျှော့ဦး"

"ကဲ–ငွေတစ်ဆယ်ကနေ ငါးကျပ်လျှော့ပေးလိုက်မယ်"

ကိုမှတ်ကြီးက ကိုသာဝကို နွားဖိုးငွေ ငါးကျပ်ပေးဝယ်သွား တယ်လေ။

နောက်တစ်နေ့မှာ မယ်သုန်ရောက်လာတယ်။

"ကိုသာဝ၊ ကျုပ်တို့နွားမကြီး ရောင်းရရဲ့လား"

"အေး၊ ရောင်းလိုက်ရတယ်"

"ဒါဖြင့် နွားဖိုးရောင်းရတဲ့ငွေ အစိတ်ပေး..."

"မင်း နွားမကြီးက ညာဘက်မျက်လုံးမကောင်းလို့ ငါးကျပ် လျှော့လိုက်ရတယ်၊ နွားပါးစပ်ဖြဲကြည့်လိုက်တော့ သွားတွေမရှိ လို့ ငါးကျပ် ထပ်လျှော့လိုက်ရတယ်၊ လမ်းလျှောက်ခိုင်းလိုက် တော့ ခြေတစ်ဖက်ခွင်နေလို့ ငါးကျပ်ထပ်လျှော့လိုက်ရတယ်၊ နောက်ပြီး နွားမကြီးမှာ နားရွက်တစ်ဖက်ပါမလာလို့ အင်္ဂါမစုံဘူး ဆိုပြီးတော့ နောက်ထပ်ငါးကျပ် ထပ်လျှော့လိုက်ရတယ်"

ကိုသာဝစကားကို ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် မယ် သုန်က–

mgyoe.com

mgyoe.com



"ကျုပ်တို့နွားမကြီးရောင်းလိုက်တာ နောက်ဆုံး ငွေငါးကျပ်ပဲ ကျန်တော့တာပေါ့..." ဆိုပြီး ဒေါ်သဖြစ်သွားတယ်၊ ဒါတောင် ကိုသာဝက--

"ထိုနွားမကြီးရဲ့နောက်ကို သေသေချာချာ မကြည့်လို့တော်သေးတယ်။ ထိုနွားမကြီးနောက်ကနေ သေသေချာချာကြည့်ရင် နွားမကြီးမှာ အမြီးလုံးဝမပါဘူး၊ ကိုမှတ်ကြီးက ထပ်လျှော့ခိုင်းရင် ကျုပ်က ငါးကျပ်ထပ်လျှော့ရဦးမှာ" လို့ အားရပါးရ ပြောလိုက်တယ်...။

□

mgyoe.com

mgyoe.com

## ကြွက်၊ မြွေနှင့် မင်းသား

တစ်ခါတုန်းက တောအုပ်တစ်ခုအတွင်း ကျောင်းသခ်မ်းမှာ ရသေ့ကြီးတစ်ပါးသီတင်းသုံးနေရှာသတဲ့ကွယ်။

ရသေ့ကြီးဟာနေ့စဉ် တရားအားထုတ်တယ်။ မနက်ပိုင်းမှာ သစ်သီးသစ်ဥတွေကို ရှာဖွေစားသောက်ပြီးတဲ့အခါမှာ သီလဆောက်တည်တယ်။ ညပိုင်းမှာတော့ တစ်ညလုံးတရားအားထုတ်နေတော့တာပါပဲ။

တစ်နေ့သော် ရသေ့ကြီးဟာ သောက်ရေသုံးရေခပ်ဖို့ ရေအိုးတစ်လုံးကိုယူပြီးတော့ မြစ်ဆိပ်ကိုရေခပ်ဆင်းခဲ့တယ်။

ရေစပ်နားရောက်တော့ သစ်တုံးတစ်တုံးမျောလာတာကို

mgyoe.com

ရုတ်တရက် လှမ်းမြင်လိုက်ရတယ်။ သစ်တုံးကို လူတစ်ယောက်က ကြောက်အားလန့်အား ဖက်ထားတာကို တွေ့လိုက်ရတယ်။

လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်ချင်တဲ့ဇော ရုတ်တရက်ဖြစ်ပေါ်လာတာကြောင့် ချက်ချင်းမြစ်ထဲကို ဆင်းပြီးကယ်ဆယ်ခဲ့တယ်။ ရေထဲမှာတုန်းကတော့ ရေစီးအရှိန်ကြောင့် အလွယ်တကူဆွဲပြီး မြစ်ကမ်းစပ်ထိရောက်ခဲ့ပေမယ့် အသက်အ ရွယ်ကြီးလှပြီဖြစ်တဲ့ ရသေ့ကြီးက ကမ်းစပ်ကနေ ကုန်းမြင့်ပေါ်ရောက်အောင် အဘော်အားအင်စိုက်ပြီး ဆွဲတင်ခဲ့ရတယ်။

သစ်တုံးကို ဖက်တွယ်ထားတဲ့ လူရွယ်ဟာ အင်မတန်ရုပ်ရည်လှပသောကြောင့် မင်းမျိုးမင်းနွယ်ထဲက သိလိုက်တယ်။

နောက်သစ်တုံးပေါ်မှာ ကြွက်တစ်ကောင်နှင့် မြွေတစ်ကောင်ပါလာတယ်လေ။

ရေတွေမွန်းနေတဲ့ ကြွက်ကလေးကလည်း အလွန်ပင်ပန်းနွမ်းနယ်ပြီး ဆာလောင်နေရှာတယ်။

ရသေ့ကြီးဟာ ကြွက်က အကောင်ငယ်တာမို့၊ အစာမစားရရင် ချက်ချင်းသေနိုင်တာမို့ သူ့မှာပါလာတဲ့ အစာအချို့ကို ချကျွေးလိုက်သတဲ့ကွယ်။

အစာတွေကို စားပြီး ကြွက်ကအတော်အားပြည့်သွားပြီးတဲ့နောက်

ရသေ့ကြီး အခုလိုကျွန်တော်မျိုးအသက်ကို ကယ်တင်ခဲ့တယ်၊ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်မျိုး နေထိုင်တဲ့တောအုပ်အတွင်း ကျွန်တော်မျိုးကြွက်တွင်းကို လာခဲ့ပါ။ ကျွန်တော်မျိုး ရသေ့ကြီးကို ကျေးဇူးဆပ်ချင်လို့ပါ။

mgyoe.com

mgyoe.com


ပြောကာ အဝေးသို့ထွက်ပြေးသွားသတဲ့ကွယ်။ အဲဒီနောက်မှာ အလွန်ဆာလောင်နေတဲ့မြွေကို အစာကျွေးလိုက်သတဲ့ကွယ်။ အစာစားပြီးတဲ့အခါမှာ မြွေကလည်း

"အလွန်ကျေးဇူးကြီးလှပါတယ် ဆရာရသေ့ကြီးရယ်။ ကျွန်တော်မျိုးနေထိုင်တဲ့ တောအုပ်အတွင်းသို့ ကြွခဲ့ပါ။ ကျွန်တော်မျိုးဆီလာလည်တဲ့အခါမှာ ဆရာရသေ့ကြီးရဲ့ကျေးဇူးကိုဆပ်ချင်လို့ပါ" ပြောပြီး ထွက်သွားခဲ့တယ်။

ရသေ့ကြီးက အင်အားတောင့်တင်းပြီး ခိုင်မာတောင့်တင်းလှတဲ့ ကြွက်သားတွေရှိတဲ့ လူငယ်မို့ နောက်ဆုံးမှအစာအာဟာရတွေကို ချပြီးကျွေးသတဲ့။ ရသေ့ကြီးက

"အရှင်က ရုပ်ရည်ချောမောလှပပြီး အဆင့်အတန်းမြင့်တဲ့ မင်းမျိုးမင်းနွယ်ထဲက ထင်တယ်"

"ဟုတ်ပါတယ်။ ရသေ့ကြီး၊ ကျွန်ုပ်က သည်တိုင်းပြည်က မင်းသားတစ်ပါးပဲ ဖြစ်ပါတယ်။ တောကစားထွက်ရင်း ရေစီးထဲမှာ မျောပြီးအခုလို ရသေ့ကြီးတို့တွေ့ရတာပါ။ ခုလိုကျွန်တော်မျိုး အသက်ကိုကယ်တင်ခဲ့တဲ့ ရသေ့ကြီးကျေးဇူးကိုဆပ်ချင်တဲ့အတွက် ကျွန်တော်တိုင်းပြည်ကို ကျွန်တော်မျိုးဘုရင်ဖြစ်တဲ့အခါမှ ကြွခဲ့ပါလို့လျှောက်ထားပါတယ်။

ကြွက်နှင့် မြွေတို့က ရသေ့ကြီးကို ကျေးဇူးဆပ်ပါမည်ဟုပြောလို့သာ မင်းသားလေးက ပြောလိုက်ရတယ်လေ။ ကြွက်နှင့်မြွေတို့ကို သူ့အရင် အစာအာဟာရကျွေးမွေးခဲ့သော ရသေ့ကြီးကို မကျေနပ်ခဲ့ဘူးလေ။

မင်းသားက ရသေ့ကြီးကို ဟန်ဆောင်အပြုံးဖြင့် နှုတ်ဆက်

mgyoe.com